၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် စတင်ထုတ်ဝေသည်။

# PLANET EVENING newssheet



## ပိုလီယိုရောဂါပိုး ကမ္ဘာကြီးကို ခြိမ်းခြောက်လာနိုင်ကြောင်း WHO သတိပေး

PG - 008

# MESSAGE FROM THE EDITOR

w. www.planet.com.mm s. www.facebook.com/planetmyanmar m. HTC BlinkFeed(Planet Myanmar)

PLANET MYANMAR NETWORK ၏သတင်းများကို အချိန်နှင့်တပြေးညီ ဖော်ပြပေးနိုင်မည့် ANDROID APP ကို မွမ်းမံ အဆင့်မြှင့်မှုများပြုလုပ်၍ လွှင့်တင်ပေးထားလိုက်ပြီဖြစ်ပါသည်။ PLANET NEWS APP အဟောင်းမှာ နည်းပညာ အခက်အခဲ အချို့ကြောင့် အသုံးပြုရာတွင် အဆင်မပြေမှုများ တွေ့ရှိရသည့်အတွက် ယခု APP အသစ်ကို ပြောင်းလဲ လွှင့်တင်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် APP အသစ်ကို INSTALL မပြုလုပ်မီ ယခင် PLANET NEWS APP အဟောင်းကို UNINSTALL ပြုလုပ် ဖယ်ရှားရန်လိုအပ်ကြောင်း အသိပေးအပ်ပါသည်။

ယခုလွှင့်တင်လိုက်သော APP အသစ်ကို GOOGLE PLAY တွင် အခမဲ့ရယူနိုင်မည်ဖြစ်ပြီး ANDROID OS သုံး မည်သည့် DEVICE အတွက်မဆို အဆင်ပြေပြေ အသုံးပြုနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် APP အသစ်မှာ ဖုန်းဖြင့် သုံးစွဲလိုသူများအတွက် PHONE အတွက်သင့်တော်သော LAYOUT၊ TABLET ဖြင့်အသုံးပြုသူများအတွက် TABLET နှင့်သင့်တော်သော LAYOUT ကို အလိုအလျောက် ချိန်ညှိပေးထားမည်ဖြစ်ပါသည်။ PLANET NEWS APP အသစ်ကို အောက်ပါ LINK မှ အလွယ်တကူ DOWNLOAD ပြုလုပ် ရယူနိုင်ပြီဖြစ်ပါသည်။

HTTPS://PLAY.GOOGLE.COM/STORE/APPS/DETAILS?ID=COM.PPSHEIN.PLANETMYANMARNEWS

planet evening





contact

editors & contributors

Planet Evening NewsSheet Team
PLANETMYANMAREVENING@GMAIL.COM

design

Planet Evening NewsSheet Team
PLANETMYANMAREVENING@GMAIL.COM

advertising

Ph : 01-512 887

subscription

WWW.PLANET.COM.MM/PDF.CFM

our links

www.planet.com.mm
www.facebook.com/planetmyanmar
www.twitter.com/planetnewsdaily

published by

INFORMATION MATRIX

# SHEET 06 CONTENTS

MAY 2014

## entertainment

004 Box Office ဝင်ငွေအကောင်းဆုံး ဇာတ်ကားအဖြစ် ဦးဆောင်နေသည့် Amazing Spiderman 2
006 ကင်ညီဝက်စ်နှင့် ကင်မ်ကာဒက်ရှီယန်တို့ လက်ထပ်ပြီးဖြစ်ကြောင်း သတင်းများထွက်ပေါ်လာ
006 Me Gala အခမ်းအနားတွင် လူအများကိုဖမ်းစားနိုင်ခဲ့သည့် လူပီတာငေါင်ဂူ၏ ဖက်ရှင်
007 အယ်လ်ဘမ်သစ် မျက်နှာဖုံးကို မိတ်ဆက်ပြသလိုက်သည့် ဂျနီဖာလိုပက်ဇ်

## cover

008 ပိုလီယိုရောဂါပိုး ကမ္ဘာကြီးကို ခြိမ်းခြောက်လာနိုင်ကြောင်း WHO သတိပေး

## sport

010 လီဗာပူးလ်၏ သရေရလဒ်ကြောင့် မန်ချက်စတာစီးတီးအသင်းသားများ အောင်ပွဲခံ
010 အိုးလ်ထရက်ဖို့ဒ်တွင် နောက်ဆုံးနှုတ်ဆက်ပွဲအဖြစ် ဂစ်ပါဝင်ကစားဖွယ်ရှိ
011 အသင်းဟောင်းပရိသတ်များ၏ နွေးထွေးစွာကြိုဆိုခြင်းခံခဲ့ရသည့် ဇာဟာ
011 ဥရောပလိဂ် ဘောလုံးပွဲစဉ်များ၏ အချိန်ဇယားနှင့် ပွဲကျန်ရလဒ်များ

## health

012 Touchscreen ကိရိယာများက ကလေးများ၏ ဘာသာစကားသင်ယူမှုကို ထိခိုက်စေနိုင်

## world

013 ရှာဖွေရေးလုပ်ငန်းများအတွင်း တောင်ကိုရီးယား ရေငုပ်သမားတစ်ဦးသေဆုံး
013 ကင်မ်ဂျုံအန်း၏ဦးလေး သေဒဏ်ပေးခံရသည်ဆိုခြင်းကို ရော့ဒ်မန်းငြင်းဆို
014 တရုတ်ဘူတာရုံတစ်ခုတွင် ဓားဖြင့်ရမ်းကားတိုက်ခိုက်မှုဖြစ်ပွား
014 မွတ်ဆလင် ညီအစ်ကိုတော်များအဖွဲ့ကို အပြီးသတ်ရှင်းလင်းလိုကြောင်း အီဂျစ်စစ်တပ်အကြီးအကဲဟောင်းပြောကြား

## business

015 အငြင်းပွားဖွယ် ပါဝင်ပစ္စည်းတစ်မျိုးကို ဖယ်ရှားရန်ဆုံးဖြတ်လိုက်သည့် Coca Cola

## tech

016 လုံခြုံရေးစံနှုန်းများ ပိုမိုကောင်းမွန်မည့် လေရဟတ်ယာဉ်ပျံငယ်ကို အမေရိကန်ကုမ္ပဏီတစ်ခု စမ်းသပ်နေ







# Box Office

## ဝင်ငွေအကောင်းဆုံး ဇာတ်ကားအဖြစ် ဦးဆောင်နေသည့် Amazing Spiderman 2

ပြီးခဲ့သည့်သီတင်းပတ် အမေရိကန်၏ ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ဇာတ်ကားများစာရင်း Box-Office တွင် Amazing Spiderman 2 က ဦးဆောင်ရပ်တည်နေကြောင်း သိရှိရသည်။

Marvel ၏ဇာတ်ကားသစ်သည် မြောက်အမေရိကတလွှားတွင် အဖွင့်သီတင်းပတ်ဝင်ငွေ ဒေါ်လာ ၉၂ သန်းထိ သိမ်းကျုံးရရှိခဲ့သည်။ Sony Film က တာဝန်ယူဖန်တီးသည့် ဇာတ်ကားသည် ယခုနှစ်အတွင်း ဒုတိယမြောက် အဖွင့်သီတင်းပတ်အလှဆုံး စူပါဟီးရိုးရုပ်ရှင် ဖြစ်လာခဲ့သည်။ ယင်းမတိုင်မီက Marvel ၏ဇာတ်လမ်းပင်ဖြစ်ပြီး Disney က တာဝန်ယူဖန်တီးသည့် Captain America: The Winter Soldier က အဖွင့်သီတင်းပတ် ဒေါ်လာ ၉၆ သန်းထိ ရုံဝင်ကြေးရရှိထားခဲ့ဖူးသည်။

Amazing Spiderman သည် ရုံတင်သီတင်းပတ်တွင် ပင်လယ်ရပ်ခြားဒေသများမှ ဒေါ်လာ ၁၁၆ သန်းထိရရှိခဲ့သည်။ အမေရိကန်တွင် မေလ ၂ ရက်နေ့မှ ထိုဇာတ်ကားကို ရုံတင်သော်လည်း အချို့နိုင်ငံများတွင် ဧပြီလ ၁၆ ရက်နေ့ကတည်းက စတင်ပြသနေခဲ့သည်။ ယခုအခါ Amazing Spiderman 2 ၏စုစုပေါင်းဝင်ငွေသည် ဒေါ်လာသန်းပေါင်း ၃၇၀ အထက်ထိ ရှိနေပြီဖြစ်သည်။ ယင်းဇာတ်ကားကို ရိုက်ကူးရာတွင် ကုန်ကျစရိတ်ဘတ်ဂျက် စုစုပေါင်းမှာ ဒေါ်လာသန်း ၂၀၀ မှ ၂၅၅ သန်းကြား ကျသင့်ခဲ့ကြောင်းသိရသည်။ Sony အနေဖြင့် ၂၀၁၆ နှင့် ၂၀၁၈ ခုနှစ်များအတွင်း နောက်ထပ် Amazing Spiderman ဇာတ်ကားသစ်များ ရိုက်ကူးထုတ်လုပ်ရန်စီစဉ်ထားကြောင်းလည်း သတင်းများကဆိုသည်။

Box Office ၏ ယခုသီတင်းပတ်စာရင်းများအရ နာမည်ကျော်မင်းသမီး ကင်မရွန်ဒိုင်ယက်ဇ်နှင့် စူပါမော်ဒယ်လ် ကိတ်အပ်တန်တို့ ပါဝင်သည့် The Other Woman က ဒေါ်လာ ၁၄.၂ သန်းဖြင့် ဒုတိယနေရာတွင်ရှိနေကြောင်း သိရသည်။ ယင်းဇာတ်ကား နောက်တွင်မူ Heaven Is for Real၊ Captain America: The Winter Soldier နှင့် Rio 2 တို့က ထိပ်ဆုံး ၅ နေရာစာရင်းဝင် ဇာတ်ကားများအဖြစ် ရပ်တည်နေကြသည်။

## ကင်ညီဝက်စ်နှင့် ကင်မ်ကာဒက်ရှီယန်တို့
## လက်ထပ်ပြီးဖြစ်ကြောင်း သတင်းများထွက်ပေါ်လာ



ကင်ညီဝက်စ်နှင့် ကင်မ်ကာဒက်ရှီယန်တို့နှစ်ဦးသည် ယခုအခါ လက်ထပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။

ကင်မ်နှင့် ကင်ညီတို့ နှစ်ဦးသည် မင်္ဂလာပွဲအတွက် စီစဉ်နေသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း အသေးစိတ် အစီအစဉ်ကိုမူ မကြေညာခဲ့ချေ။ သို့သော်လည်းပြီးခဲ့သည့်သီတင်းပတ်အတွင်းကမူ ၎င်းတို့နှစ်ဦး လော့စ်အန်ဂျလိစ်မြို့၌ လက်ထပ်ဖြစ်ခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ ပြီးခဲ့သည့်နှစ်၊ အောက်တိုဘာလက စေ့စပ်ဖြစ်ခဲ့သော စုံတွဲသည် လက်ထပ်စာချုပ်တွင် လက်မှတ်ရေးထိုးဖြစ်ခဲ့ကြောင်း သိရသည်။ ထို့နောက် မင်္ဂလာပွဲ အခမ်းအနားကိုမူ မေလကုန်တွင် သီးခြားကျင်းပဖြစ်ဖွယ်ရှိနေသည်။

နာမည်ကျော်စုံတွဲ၏ အတွင်းစည်းမှ လူတစ်ဦးက Life & Style မဂ္ဂဇင်းနှင့်တွေ့ဆုံရာတွင် "ကင်မ်နဲ့ ကင်ညီတို့က ခုဆိုရင် လက်ထပ်စာချုပ်မှာ လက်မှတ်ရေးထိုးဖြစ်ခဲ့ပါပြီ။ မကြာသေးခင် ရက်ပိုင်းက သူတို့ရဲ့ လက်ထပ်ထိမ်းမြားမှု စာရွက်စာတမ်းတွေ အတည်ပြု ရရှိခဲ့ပါတယ်" ဟုပြောကြားခဲ့သည်။ Rap ဂီတအဆိုတော် ကင်ညီနှင့် Reality TV အစီအစဉ်မှူး ကင်မ်တို့သည် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တော်တွင် မိသားစုများ၊ မိတ်ဆွေအပေါင်းအသင်းများကို ဖိတ်ကြားပြီး မင်္ဂလာညည့်ခံပွဲ ကျင်းပဖွယ် ရှိနေကြောင်းလည်း သိရသည်။

အသက် ၃၆ နှစ်ရှိ ကင်ညီနှင့် ၎င်းထက် ၃ နှစ်ငယ်သော ကင်မ်တို့သည် ၁၀ လအရွယ် သမီးလေး နော့သ်ဝက်စ်ကိုလည်း ဖွားမြင်ထားပြီး ဖြစ်သည်။ အဆိုပါ နာမည်ကျော် စုံတွဲသည် လက်ထပ်ပြီးနောက် ဟန်းနီးမွန်းထွက်မည့် ခရီးစဉ် လားရာကိုလည်း လျှို့ဝှက်ထားဆဲဖြစ်သည်။

## Me Gala အခမ်းအနားတွင် လူအများကိုဖမ်းစားနိုင်ခဲ့သည့်
## လူပီတာငေါင်ဂူ၏ ဖက်ရှင်




Met Gala အခမ်းအနားသို့ တက်ရောက်လာသည့် နာမည်ကျော်များအနက် ဟောလီးဝုဒ် တက်သစ်စ အာဖရိကန်နွယ်ဖွား မင်းသမီးလေး လူပီတာငေါင်ဂူ၏ ဖက်ရှင်က လူအများ၏ အာရုံကို အဖမ်းစားနိုင်ဆုံးဖြစ်ခဲ့သည်။

နယူးယော့ခ်မြို့ရှိ မက်ထရိုပိုလီတန်အနုပညာပြတိုက်အတွက် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ပုံငွေပွဲကြီးတွင် အော်စကာဆုရှင် လူပီတာက ငှက်မွေးနှင့် မြရတနာများ စီခြယ်ထားသည့် ဝတ်စုံဖြင့် တက်ရောက်လာခဲ့သည်။ 12 Years A Slave ဇာတ်ကားဖြင့် ကမ္ဘာသိ ထင်ရှားလာသည့် ကင်ညာနိုင်ငံသူ မင်းသမီးလေးသည် အညိုရောင် အောက်ခံဝတ်စုံပေါ်တွင် ပိုက်ကွန်သဖွယ် ခြုံလွှာတစ်ခုကိုထပ်ထားပြီး ငှက်မွေးများနှင့် မြများကို ထည့်သွင်းစီခြယ်ထားခြင်းဖြစ်သည်။ ထို့အပြင် အာဖရိက ရိုးရာဆန်ဆန် ပုတီးစေ့များကိုလည်း သူမ၏ ဝတ်စုံ၌ တပ်ဆင် ချုပ်လုပ်ထားခဲ့သည်။

လူပီတာ၏ ဖက်ရှင်နှင့် ပတ်သက်ပြီး ချီးကျူးမှုများရော၊ ဝေဖန်မှုများပါ ရှိခဲ့သည်။ Grazia မဂ္ဂဇင်းက စာဖတ်ပရိသတ်များအား လူပီတာ၏ ဝတ်စုံအပေါ် မှတ်ချက်ပေးရန် တောင်းဆိုခဲ့ရာ ရလဒ်မှာ အမျိုးမျိုးအထွေထွေ ဖြစ်နေခဲ့သည်။ အချို့ပရိသတ်များက စိတ်ကူးဆန်းသစ်သည့် ဖန်တီးမှုအဖြစ် ကောက်ချက်ချခဲ့သော်လည်း ပရိသတ်အချို့ကမူ ဆိုးရွားလွန်းကြောင်း ပြောဆိုခဲ့ကြသည်။ လတ်တလောတွင် လူပီတာသည် စကားလက်ဂျိုဟန်ဆန်နှင့်အတူ The Jungle Book ဇာတ်လမ်းသစ်တွင် ပါဝင်ရန် ဆွေးနွေးနေကြောင်း သတင်းများလည်း ထွက်ပေါ်လျှက်ရှိသည်။

The Jungle Book သည် Disney ၏ ကာတွန်းရုပ်ရှင်တစ်ခုအဖြစ် အောင်မြင်မှုများရရှိခဲ့ပြီး ယင်းကို အသွင်သစ်ဖြင့် ပြန်လည်ဖန်တီးရန် စီစဉ်လျှက်ရှိရာ စကားလက်နှင့် လူပီတာတို့မှာ အသံဖြင့် သရုပ်ဆောင်ပေးရန် ကမ်းလှမ်းခံထားရခြင်းဟု သိရှိရသည်။





# အယ်လ်ဘမ်သစ် မျက်နှာဖုံးကို မိတ်ဆက်ပြသလိုက်သည့် ဂျနီဖာလိုပက်ဇ်

ဂျနီဖာလိုပက်ဇ်က သူမ၏ အယ်လ်ဘမ်သစ်အတွက် မျက်နှာဖုံးကို မိတ်ဆက်ပြသလိုက်ပြီဖြစ်သည်။

အသက် ၄၄ နှစ်ရှိ ဂီတကြယ်ပွင့်သည် သူမ၏ နာမည်ကျော် ရှိုက်ဖိုကြီးငယ် အသွယ်သွယ်ကို ထင်ရှားနေစေသည့် အသားကပ်ဝတ်စုံကို ဒဿမမြောက် စတူဒီယို အယ်လ်ဘမ် မျက်နှာဖုံးအတွက် ရွေးချယ်လိုက်သည်။ အဆိုပါ အယ်လ်ဘမ်ကို A.K.A ဟုအမည်ပေးထားကြောင်းလည်း သိရှိရသည်။ ဂျနီဖာသည် နီရဲတောက်ပပြီး ဆွဲဆောင်မှုပြင်းပြသည့် ဖက်ရှင်မျိုးကို အနီရောင်နောက်ခံ၊ ရွှေရောင်စာလုံးများနှင့် လိုက်ဖက်ပန်ရစွာ ဖန်တီးထားသည့် အယ်လ်ဘမ်မျက်နှာဖုံးအား ပရိသတ်များထံ ဂုဏ်ယူစွာမိတ်ဆက်ခဲ့ခြင်း ဖြစ်သည်။

ဂျနီဖာက "A.K.A၊ ဒဿမမြောက် အယ်လ်ဘမ်၊ မကြာခင် ထွက်ရှိလာပါမယ်" ဟု Twitter တွင် ရေးသားထားကာ ယင်းဓာတ်ပုံကို လွှင့်တင်ထားခြင်းဖြစ်သည်။ ဂျနီဖာသည် အဆိုပါ ဓာတ်ပုံကို ထုတ်ဖော်မပြမီ တစ်ချိန်လုံးလိုလို အယ်လ်ဘမ်သစ်၏အမည်ကို လျှို့ဝှက်ထားခဲ့သည်။ အယ်လ်ဘမ်သစ်တွင် ပါရှိသော သီချင်းများသည် ဂျနီဖာ၏ ယခင်ချစ်သူဟောင်းများနှင့် ဆက်ဆံရေးအကြောင်း တစ်စွန်းတစ်စ ထင်ဟပ်နေမည်ဟု ခန့်မှန်းမှုများလည်းရှိနေသည်။ ဂျနီဖာသည် ယခင်က အိမ်ထောင် ၃ ဆက်ကျခဲ့ဖူးပြီး လတ်တလောတွင်မူ အကသမား ကက်စ်ပါစမတ်နှင့် တွဲနေသည်မှာ ၃ နှစ်မျှ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

ဂျနီဖာအနေဖြင့် ဂီတအလုပ်များဖြင့် မအားမလပ် ရှိနေသလိုတစ်ဖက်တွင်လည်း American Idol အစီအစဉ်အတွက် ဒိုင်လူကြီးအဖြစ် တာဝန်ထမ်းဆောင်ရင်း ရုပ်မြင်သံကြားနယ်ပယ်တွင်ပါ အချိန်ပေးနေရဆဲဖြစ်သည်။

# COVER STORY

## ပိုလီယိုရောဂါပိုး ကမ္ဘာကြီးကို ခြိမ်းခြောက်လာနိုင်ကြောင်း WHO သတိပေး



ပိုလီယိုရောဂါပိုးပျံ့နှံ့မှု ပြန်လည်ခေါင်းထောင်လာသည့် အခြေအနေသည် တစ်ကမ္ဘာလုံး သတိပြုသင့်သည့် ကျန်းမာရေးခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က သတိပေးခဲ့သည်။

အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသများတွင် ပိုလီယိုရောဂါ ပြန်လည်ဖြစ်ပွားနေခြင်းသည် မျက်ကွယ်မပြုသင့်သည့်ကိစ္စတစ်ခုဖြစ်ပြီး နိုင်ငံတကာ စံနှုန်းမျိုးဖြင့် တုံ့ပြန်ကိုင်တွယ်ရန်လိုအပ်ကြောင်း WHO ကဆိုသည်။ WHO က ၎င်းတို့ကြေညာသည့် နိုင်ငံများစာရင်းမှ နိုင်ငံသားများအနေဖြင့် နိုင်ငံရပ်ခြားသို့ ခရီးသွားရာတွင် ပိုလီယိုရောဂါပိုးကင်းရှင်းကြောင်း ထောက်ခံချက်ထုတ်ယူပြီးမှ သွားလာသင့်ကြောင်းလည်း အကြံပြုခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ပိုလီယို၏ ခြိမ်းခြောက်မှုအန္တရာယ်ကို အကြီးဆုံးကြုံနေရသည့် ၃ နိုင်ငံမှာ ပါကစ္စတန် ကင်မရွန်းနှင့် ဆီးရီးယားတို့ ဖြစ်ကြောင်း WHO ကကြေညာခဲ့သည်။

၂၀၁၃ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးတွင် ပိုလီယိုဖြစ်ပွားမှု ၄၁၇ ခုရှိခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ဧပြီလ ၃၀ ရက်နေ့ထိ စာရင်းအရ ပိုလီယိုကူးစက်မှု ၆၈ ခုကို မှတ်တမ်းတင်ထားနိုင်ခဲ့သည်။ ယမန်နှစ်က ပထမဆုံး ၄ လအတွင်း ပိုလီယို ဖြစ်ပွားမှုသည် ၂၄ ခုသာရှိခဲ့သည်။ ပိုလီယိုရောဂါပိုးသည် အသက် ၅ နှစ်အောက် ကလေးငယ်များကို အဓိက ထိခိုက်ကူးစက်စေတတ်သည်။ အစားအစာနှင့် ရေတို့မှတစ်ဆင့် ကူးစက်နိုင်သော အဆိုပါရောဂါပိုးသည် လူတစ်ဦး၏ အာရုံကြောစနစ်ကို ထိုးဖောက်ဝင်ရောက်နိုင်သည်။ ရလဒ်အားဖြင့် ကူးစက်ခံရသူသည် ချိနဲ့မှု၊ မသန်စွမ်းမှုများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်သည်။ ယင်းအခြေအနေသည် အပုံ ၂၀၀ တွင် ၁ ပုံမျှသာ သက်ရောက်နိုင်မည်ဖြစ်သည်။ ထို့အပြင် ပိုလီယိုရောဂါပိုး ပြင်းထန်ပါက အသက်အန္တရာယ်ကိုပင် ခြိမ်းခြောက်နိုင်ကြောင်း သိရသည်။

WHO ၏ လက်ထောက်အထွေထွေဒါရိုက်တာ ဘရုစ်အေးလ်ဝ့ဒ်က "လက်ရှိအခြေအနေတွေအရ ပြည်သူ့ကျန်းမာရေးကဏ္ဍအတွက် အရေးပေါ်အနေအထားလို့ဆိုနိုင်ပါတယ်။ နိုင်ငံတကာနယ်ပယ်အထိ သတိထားသင့်တဲ့ စိန်ခေါ်မှုမျိုးပါ" ဟု ပြောကြားခဲ့သည်။ ၎င်းက "၂၀၁၄ ခုနှစ်ရဲ့ ပိုလီယိုရောဂါဖြစ်ပွားမှု နှုန်းထားဟာ သာမန်ထက် ထူးကဲတဲ့ဖြစ်ရပ်လို့ သတ်မှတ်လို့ ရနေပါပြီ။ နိုင်ငံတစ်နိုင်ငံကနေ တခြားတစ်နိုင်ငံကို ပျံ့နှံ့ခြိမ်းခြောက်လာနိုင်တဲ့ အခြေအနေပါ။ ဒါကြောင့် နိုင်ငံတကာ ပူးပေါင်းလုပ်ဆောင်မှု စံနှုန်းတွေနဲ့ အဖြေရှာဖို့လိုအပ်လာတာ ဖြစ်ပါတယ်"

ဟု WHO ၏ နိုင်ငံတကာ ကျန်းမာရေးစစ်ဆေးမှု အရေးပေါ်ကော်မတီအစည်းအဝေးတွင် ပြောကြားသွားခဲ့သည်။

လတ်တလောတွင် WHO က အာဖဂန်နစ္စတန်၊ အီကွေတိုရီရယ်လ်ဂီနီရာ၊ အီသီယိုးပီးယား၊ အီရတ်၊ အစ္စရေး၊ ဆိုမာလီယာနှင့် နိုက်ဂျီးရီးယားနိုင်ငံများအား ၂၀၁၄ ခုနှစ်အတွင်း ပိုလီယိုရောဂါ၏ ပြင်းထန်သောခြိမ်းခြောက်မှုနှင့် ကြုံရနိုင်သည့် အခြေအနေတွင် ရှိနေကြောင်း သတိပေးထားသည်။ WHO ၏သမိုင်းကြောင်းတွင် အဆိုပါ ကြေညာမှုမျိုး ဒုတိယအကြိမ် ထုတ်ပြန်ခြင်းဖြစ်ပြီး ၂၀၀၉ ခုနှစ် အတွင်းက ဝက်တုပ်ကွေး ပျံ့နှံ့ကူးစက်စဉ် အလားတူ ဆောင်ရွက်မှုရှိခဲ့သည်။ ပိုလီယိုကင်းစင်သည့် နယ်မြေအဖြစ် ၁၄ နှစ်တာရပ်တည်ခဲ့သည့် ဆီးရီးယားနိုင်ငံတွင်လည်း ရောဂါပိုး ပြန်လည်ပျံ့နှံ့နေသည့် အရိပ်နိမိတ်များရှိနေသည်။ အထူးသဖြင့် ဆီးရီးယား ပြည်တွင်းစစ်ကြောင့် ကာကွယ်ဆေးဖြည့်တင်းပေးရန် ပြဿနာများစွာရှိနေခြင်းက ပိုလီယိုကို ဖိနှိပ်ရန် ပြဿနာကြီးတစ်ခုကြုံနေရကြောင်း သိရသည်။

WHO က ၂၀၁၄ ခုနှစ်အတွင်း ပိုလီယိုရောဂါပိုးကူးစက်မှု ကြုံနေရသည့် နိုင်ငံများစာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာခဲ့သည်။

အာဖဂန်နစ္စတန်
ကင်မရွန်း
အီကွေတိုရီရယ်လ်ဂီနီရာ
အီသီယိုးပီးယား
အီရတ်
အစ္စရေး
နိုက်ဂျီးရီးယား
ပါကစ္စတန်
ဆိုမာလီယာ
ဆီးရီးယား




WHO ၏သမိုင်းကြောင်းတွင် အဆိုပါ ကြေညာမှုမျိုး ဒုတိယအကြိမ် ထုတ်ပြန်ခြင်းဖြစ်ပြီး ၂၀၀၉ ခုနှစ် အတွင်းက ဝက်တုပ်ကွေး ပျံ့နှံ့ကူးစက်စဉ် အလားတူ ဆောင်ရွက်မှုရှိခဲ့သည်

# လီဗာပူးလ်၏ သရေရလဒ်ကြောင့် မန်ချက်စတာစီးတီး အသင်းသားများ အောင်ပွဲခံ




လီဗာပူးလ်အသင်း၏ အမှတ်မထင် သရေပွဲရလဒ် ထွက်ပေါ်ခဲ့ပြီးနောက် မန်ချက်စတာစီးတီး အသင်းသားများ ပျော်ရွှင်စွာ အောင်ပွဲခံခဲ့ကြကြောင်း သိရှိရသည်။

ယခုရာသီ ပရီးမီးယားလိဂ် ချန်ပီယံဆုအတွက် နှစ်သင်းအပြိုင် ဖြစ်နေချိန်တွင် လီဗာပူးလ်ကခရစ္စတယ်လ်ပဲလေ့စ်၏ အိမ်ကွင်းတွင် ၃ ဂိုးစီ သရေကျသွားခဲ့သည်။ လီဗာပူးလ်သည် ၇၉ မိနစ်ထိ ပွဲကို ၃ ဂိုးပြတ် ဦးဆောင်ခဲ့ပြီးမှ ပဲလေ့စ်က ၃ ဂိုးဆက်တိုက် ပြန်ချေသွားခြင်း ဖြစ်သည်။ ယခုအခါ ပရီးမီးယားလိဂ်တွင် လီဗာပူးလ်က တစ်ပွဲသာ ကစားရန်ကျန်နေပြီး ၈၁ မှတ် ရထားကာ စီးတီးကမူ ၂ ပွဲလက်ကျန်၌ ရမှတ် ၈၀ ပိုင်ဆိုင်ထားပြီ ဖြစ်သည်။ စီးတီး၏ လက်ကျန်နှစ်ပွဲလုံးသည် အိမ်ကွင်းတွင်ဖြစ်ရာ မန်ချက်စတာမြို့သားများ ဆုဖလား သိမ်းပိုက်ရန် အလားအလာ အလွန်ကောင်းလာခဲ့သည်။

စီးတီး၏ ပြင်သစ်လက်ရွေးစင် ကွင်းလယ်လူ ဆမ်မီနာဆရီက "တကယ့်ပွဲကောင်း၊ တကယ့် ပြိုင်ပွဲတစ်ခုပါပဲ။ ကျွန်တော်တော့ ခရစ္စတယ်လ်ပဲလေ့စ်ကို အရမ်းချစ်သွားပြီ။ ခုချိန်မှာတော့ ကျွန်တော်တို့ ကိုယ့်အလုပ်ကိုယ် အကောင်းဆုံး လုပ်ပြဖို့ပဲ ကျန်တော့တယ်" ဟု Twitter တွင် ရေးသားခဲ့သည်။ ယခုရာသီ စီးတီးအတွက် ၂၄ ဂိုး သွင်းထားသည့် တိုက်စစ်မှူး အီဒင်ဒီဇက်ကိုက "ယုံကြည်မှုနဲ့ အတူတကွပြင်ဆင်ကြစို့ မန်ချက်စတာစီးတီး" ဟု Twitter တွင် ကြွေးကြော်ခဲ့သည်။ နောက်ခံလူ အလက်ဇန္ဒား ကိုလာရော့ဗ်ကလည်း "ကမ္ဘာပေါ်မှာ ၁၀၀ ရာခိုင်နှုန်း အကောင်းဆုံး ပြိုင်ပွဲပါပဲ။ Come On စီးတီး" ဟုရေးသားခဲ့သည်။ စီးတီးသည် အက်စ်တန်ဗီလာအသင်းကို ဗုဒ္ဓဟူးနေ့ညတွင် လက်ခံယှဉ်ပြိုင်မည်ဖြစ်ပြီး အနိုင်ရခဲ့ပါက လီဗာပူးလ်ထက် ၂ မှတ် သာသွားမည် ဖြစ်သည်။

ပဲလေ့စ်ကို သရေကျခဲ့သည့်နောက် လီဗာပူးလ် တိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်အနေဖြင့် ကွင်းထဲတွင် ဆောက်တည်ရာမရ ငိုကြွေးခဲ့သည်။ ယင်းနှင့် ပတ်သက်ပြီး စတုတ်ခ်စီးတီး ခံစစ်မှူး ရောဘတ်ဟုသ်က ကွင်းထဲတွင် အော်ငိုပြနေသည့် ကစားသမားများကို ၃ ပွဲ ပယ်သင့်ကြောင်း ဝေဖန်ရေးသားသွားခဲ့သည်။

## အိုးလ်ထရက်ဖို့ဒ်တွင် နောက်ဆုံးနှုတ်ဆက်ပွဲအဖြစ်

# ဂစ်ပါဝင်ကစားဖွယ်ရှိ

မန်ချက်စတာ ယူနိုက်တက်အတွက် နှုတ်ဆက်ပွဲအနေဖြင့် အသင်း၏ ယာယီမန်နေဂျာ ရိုင်ယန်ဂစ်အနေဖြင့် ပရော်ဖက်ရှင်နယ်ဘဝ နောက်ဆုံးအကြိမ် ဘောလုံးကန်ဖိနပ်များကို စီးနင်းဖွယ် ရှိနေကြောင်း သိရသည်။

ဒေးဗစ်မိုယက်စ် ရာထူးမှ ထုတ်ပယ်ခံရပြီးနောက် ဝေလသား ကွင်းလယ်ကစားသမားကြီး ဂစ်သည် ယူနိုက်တက်၏ ယာယီမန်နေဂျာအဖြစ် တာဝန်ယူခဲ့သည်။ ၎င်းသည် နော့ဝစ်ချ်စီးတီး၊ ဆန်းဒါးလန်းတို့နှင့် ပွဲစဉ်များတွင် အသင်းကို ဦးဆောင်ခဲ့ပြီးနောက် အင်္ဂါနေ့ည ဟူးလ်စီးတီးနှင့်ပွဲတွင် ပါဝင်ကစားဖွယ် ရှိနေသည်။ ယခင်နှစ်ပွဲကမူ ဂစ်အနေဖြင့် မန်နေဂျာအဖြစ်သာ သီးသန့်တာဝန်ယူခဲ့သည်။ သို့သော်လည်း ယခုရာသီ၏ အိမ်ကွင်းနောက်ဆုံးပွဲစဉ်တွင်မူ ကစားသမားဘဝ နှုတ်ဆက်မှုအဖြစ် ပရိသတ်များရှေ့မှောက် နောက်ဆုံးအကြိမ် ကစားရန် ဂစ်က စီစဉ်ထားကြောင်း သတင်းများ ထွက်ပေါ်လျှက်ရှိသည်။

ဂစ်နှင့်အတူ လာမည့်ရာသီ အင်တာမီလန်သို့ ပြောင်းရွှေ့တော့မည့် နီမန်ယာဗီဒစ်၊ အသင်းမှ ထွက်ခွာတော့မည်ဟု သတင်းကြီးနေသည့် ပက်ထရစ်အီဗရာတို့သည်လည်း ယူနိုက်တက်အတွက် ပါဝင်ကစားရန် အသင့်ရှိနေကြသည်။ အဆိုပါ ပွဲစဉ်တွင် ဒဏ်ရာပြဿနာရှိနေသည့် ယူနိုက်တက် တိုက်စစ်မှူး ဝိန်းရွန်နီမှာမူ လွဲချော်ဖွယ် ရှိနေကြောင်း သိရသည်။ အီဗရာက "ဗီဒစ်အသင်းက ထွက်တော့မယ့် အကြောင်းကို ပြောရတိုင်း ကျွန်တော့်ကိုယ်ကျွန်တော် ရည်စူးရသလိုပဲ။ ဝမ်းနည်းစိတ်ဖြစ်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ နှစ်ယောက်က အသင်းကို အတူရောက်လာကြတာလေ" ဟု ဆိုသည်။

၎င်းက "မှတ်မိပါသေးတယ်။ ယူနိုက်တက်ကို ရောက်စက ကျွန်တော်တို့ အရန်အသင်း ပွဲစဉ်တစ်ခုမှာ အရင်ဆုံး ကစားရတယ်။ အခြေအနေက ကြမ်းတမ်းလွန်းတယ်။ အဲဒီတုန်းက ရင်းန်မြူလန်စတင်းက အရန်အသင်း နည်းပြအဖြစ် တာဝန်ယူထားပါတယ်။ ကျွန်တော်တို့ ပွဲပြီးတဲ့အချိန် အဝတ်လဲခန်းထဲမှာ ထိုင်နေရင်း ပြောဖြစ်ကြတယ်။ 'ဘုရားရေ။ ငါတို့နှစ်ယောက်တော့ ဘယ်လိုကြောင့်များ ယူနိုက်တက်ကို ပြောင်းလာမိပါလိမ့်။ ကိုယ့်အသင်းဟောင်းကိုယ် အမြန်ပြန်သွားကြရင် ကောင်းမယ်' ဆိုပြီးတော့ပါ။ ခက်ခဲတဲ့အချိန်တွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နှစ်ယောက် အတူတွဲ ကျော်ဖြတ်ခဲ့တယ်။ ကျွန်တော်တို့ ဟိုတယ်တစ်ခုမှာ အတူတည်းဖြစ်ခဲ့သလို လေ့ကျင့်ရင်လည်း တူတူပါပဲ။ တူညီတဲ့ ဆုဖလား အရေအတွက်မျိုးနဲ့ ကျွန်တော်တို့ အောင်ပွဲခံခဲ့ကြတယ်။ ခုတော့ ကျွန်တော်တို့ရဲ့ ကျောက်ဆောင်ကြီးကို ဆုံးရှုံးရတော့မယ့်အတွက် တကယ်ပဲ စိတ်မကောင်း ဖြစ်မိတယ်" ဟု အမှတ်တရ ပြောကြားသွားခဲ့သည်။



# အသင်းဟောင်းပရိသတ်များ၏ နွေးထွေးစွာကြိုဆိုခြင်းခံခဲ့ရသည့် ဇာဟာ

မန်ချက်စတာယူနိုက်တက် တောင်ပံတိုက်စစ်သမားလေး ဝီလ်ဖရိုက်ဒ်ဇာဟာ အနေဖြင့် အသင်းဟောင်း၏အရိပ်တွင် ပျော်ရွှင်နေဟန်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက် ၂၁ နှစ်အရွယ်ရှိ အင်္ဂလန်လူငယ်ခြေတက် ကစားသမားလေးကို ယူနိုက်တက်မန်နေဂျာဟောင်း ဆာအဲလက်စ်ဖာဂူဆန်လက်ထက်က ခရစ္စတယ်လ် ပဲလေ့စ်ထံမှ ပေါင်စတာလင် ၁၅ သန်းဖြင့် ဝယ်ယူထားခဲ့သည်။ ယူနိုက်တက်ကို မန်နေဂျာသစ် ဒေးဗစ်မိုယက်စ်ကိုင်တွယ်ချိန်၌ ဇာဟာကို ပွဲထုတ်အသုံးပြုခြင်း မရှိခဲ့သလို ဇန်နဝါရီဈေးကွက်ကာလတွင် ကားဒစ်ဖ်စီးတီးထံ အငှားချထားခဲ့သည်။ မိုယက်စ် ရာထူးမှ ထုတ်ပယ်ခံလိုက်ရပြီဖြစ်သည့်တိုင် လာမည့်ရာသီ ယူနိုက်တက်တွင် ဇာဟာ၏အနာဂတ်မှာ မရေရာလှသေးချေ။

ယူနိုက်တက်တွင် အေးခဲသောဆက်ဆံမှုမျိုးနှင့် ကြုံခဲ့ရသည့်တိုင် ပဲလေ့စ် ပရိသတ်များကမူ ၎င်းကို နွေးထွေးစွာကြိုဆိုနေကြောင်း ဇာဟာအနေဖြင့် ကြည်နူးဖွယ် သိရှိခဲ့ရသည်။ ပဲလေ့စ်အသင်း၏ ဆဲလ်ဟာ့စ်ပါ့ခ်ကွင်းကြီးတွင် လီဗာပူးလ်နှင့်ကစားသည့် တနင်္လာနေ့ည ပရီးမီးယားလိဂ်ပွဲစဉ်ကို ဇာဟာ လာရောက်အားပေးခဲ့ရာ ပရိသတ်များက ၎င်းကို ဝမ်းမြောက်ဝမ်းသာကြိုဆိုခဲ့သလို အမှတ်တရဓာတ်ပုံများလည်း အတူတွဲ အရိုက်ခံခဲ့ကြသည်။ ဇာဟာသည် ပြီးခဲ့သည့်ရာသီက ပဲလေ့စ်အသင်း ပရီးမီးယားလိဂ်သို့ တန်းတက်နိုင်ရေးအတွက် အဓိက ဦးဆောင်အားထုတ်ခဲ့သူ တစ်ဦးလည်း ဖြစ်သည်။

ပဲလေ့စ်ဥက္ကဋ္ဌ စတိဗ်ပါရစ်ရှ်ကိုယ်တိုင်ကလည်း ဇာဟာကို ပြန်လည်ခေါ်ယူနိုင်ရန် အစဉ်လိုလားနေကြောင်း ဝန်ခံခဲ့ဖူးသည်။ "ဇာဟာက တကယ့်ကို အရည်အချင်းရှိတဲ့ ကစားသမားတစ်ယောက်ပါ။ ကျွန်တော်တို့ သူ့ကို အမြဲတမ်း စိတ်ဝင်စားနေကြောင်း ဝန်ခံပါတယ်။ ယူနိုက်တက်ကတော့ သူနဲ့ပတ်သက်လို့ ဘာကိုမှ တရားဝင်ပြောဆိုထားတာ မရှိပါဘူး။ ခုချိန်မှာ ဇာဟာက သူတို့ရဲ့ကစားသမားပါ။ ဒါပေမဲ့ တကယ်လို့ သူ့ကိုခေါ်နိုင်မယ့် အလားအလာ အခြေအနေတစ်ခုခု ရှိခဲ့မယ်ဆိုရင် ကျွန်တော်တို့ သေချာပေါက် စိတ်ဝင်စားပါတယ်" ဟု ပါရစ်ရှ်ကပြောကြားထားသည်။




## ဥရောပလိဂ် ဘောလုံးပွဲစဉ်များ၏ အချိန်ဇယားနှင့် ပွဲကျန်ရလဒ်များ

### ပရီးမီးယားလိဂ်

ခရစ္စတယ်ပဲလေ့စ် ၃ - ၃ လီဗာပူးလ်

### မေ ၇၊ ဗုဒ္ဓဟူး

မန်ချက်စတာယူနိုက်တက် vs ဟားလ်စီးတီး (နံနက် ၁း၁၅)

### အီတလီစီးရီးအေ

လာဇီယို ၃ - ၃ ဗီရိုနာ

ဂျူဗင်တပ်စ် ၁ - ၀ အတ္တလန်တာ

### မေ ၆၊ အင်္ဂါ

ဖီအိုရင်တီးနား vs ဆက်ဆူအိုလို (ည ၁၁း၃၀)

### မေ ၇၊ ဗုဒ္ဓဟူး

နာပိုလီ vs ကက်ဂလီယာရီ (နံနက် ၁း၃၀)

### စပိန်လာလီဂါ

ရီးရဲလ်ဆိုစီဒက် ၁ - ၁ ဂရာနာဒါ

# Touchscreen ကိရိယာများက ကလေးများ၏ ဘာသာစကားသင်ယူမှုကို ထိခိုက်စေနိုင်

ယနေ့ခေတ် လူနေမှုဘဝတွင် Touchscreen နည်းပညာသုံး စမတ်ကိရိယာများသည် ကလေးများအမက်မောဆုံး ကစားစရာလေးများဖြစ်လာကြသည်။ တစ်ဖက်တွင်လည်း ယင်းအခြေအနေသည် ကလေးများ၏ဖွံ့ဖြိုးမှုတွင် အတန်ငယ် ထိခိုက်သက်ရောက်နိုင်ကြောင်း သုတေသီများကသတိပေးခဲ့သည်။

အသက် ၃ နှစ်အရွယ်ထိ ကလေးငယ်များတွင် ၎င်းတို့၏ သင်ယူမှုအရည်အသွေးကို အထောက်အပံ့မပြုသည့် ကစားစရာများဖြင့် ဆော့ကစားခြင်းက ဘာသာစကားမှတ်သားနိုင်မှုအပိုင်းတွင် အတန်ငယ် အားနည်းသွားစေတတ်ကြောင်း သိရသည်။ Tablet ကွန်ပျူတာများကဲ့သို့ ကစားစရာများသည် ယခုအခါ ကလေးငယ်များနှင့် အလွန်နီးစပ်မှု ရှိလာခဲ့သည်။ အနောက်နိုင်ငံအများစုတွင် ပျမ်းမျှအားဖြင့် ကလေးငယ်အသက် ၁၁ လမျှအရွယ်တွင် ယင်းပစ္စည်းကိရိယာများကို ထိတွေ့ကျွမ်းဝင်မှု ရှိလာပြီဟု ဆိုသည်။

အမေရိကန်နိုင်ငံ၊ နယူးယော့ခ်မြို့ရှိ ကိုဟန် ကလေးဆေးပညာစင်တာမှ သုတေသီအဖွဲ့သည် Touchscreen နည်းပညာနှင့် ကလေးများ၏ ဉာဏ်ရည်ဖွံ့ဖြိုးမှု ဆက်စပ်ပုံကို လေ့လာခဲ့ကြသည်။ ကလေးများအနေဖြင့် Angry Birds နှင့် Fruit Ninja တို့ကဲ့သို့ ဂိမ်းများကို ဆော့ကစားလေ့ရှိပြီး ယင်းတို့တွင် သင်ယူမှတ်သားနိုင်ရန် လှုံ့ဆော်မှုသတ်မှတ်ချက် အဆင့်သုညသာရှိသည်။ ကလေးများသည် Touchscreen ပေါ်တွင် ရည်ရွယ်ချက်မဲ့ လက်ဖြင့်ထိတွေ့ဆော့ကစားနေပြီး ထိုအတောအတွင်း ၎င်းတို့၏ ဖွံ့ဖြိုးမှုအတွက် သင်ယူမှုအရည်အချင်းကို အဟန့်အတား ဖြစ်ပေါ်နေစေကြောင်း ပညာရှင်များကထောက်ပြခဲ့သည်။

"မိဘတွေအနေနဲ့ ပုံပြင်စာအုပ်လေးတွေ၊ သာမန် ကလေးကစားစရာလေးတွေအစား စမတ်ဖုန်းလိုပစ္စည်းတွေကို လက်လွှဲပေးလိုက်တာဟာ ကောင်းတဲ့ကိစ္စတော့မဟုတ်ဘူး။ မိဘတွေအနေနဲ့ Touchscreen နည်းပညာပစ္စည်းတွေကနေ ကလေးတွေရဲ့ သင်ယူမှုအာရုံကို ပျက်ပြားသွားစေနိုင်တာ သတိပြုမိလေ့မရှိဘူးလေ" ဟု ဦးဆောင်သုတေသီ ရှသ်မီလန်နေ့ခ်က ပြောကြားခဲ့သည်။ သုတေသီများသည် Touchscreen နှင့် ပုံမှန်ထိတွေ့နီးစပ်နေသော ကလေးများကို သာမန်အရုပ်များနှင့် ကစားသည့် ကလေးများနှင့်နှိုင်းယှဉ်ကြည့်ရာ ပျမ်းမျှအားဖြင့် Touchscreen ကစားစရာများပိုင်ဆိုင်သည့် ကလေးများက နှုတ်မှုစွမ်းရည် အတန်ငယ် အားနည်းတတ်သည်ကို တွေ့ရှိခဲ့သည်။

လေ့လာမှုများအရ Touchscreen ပစ္စည်းများကိုအသုံးပြုပြီး ကလေးများအတွက် သင်ယူမှုကဏ္ဍတွင် အထောက်အပံ့ပေးနိုင်မည့် App များနှင့်နီးစပ်စေသည့် မိဘများလည်းရှိသော်လည်း Touchscreen တွင်ပေါ်နေသည့် အရုပ်များ၊ ခလုတ်များကို ရည်ရွယ်ချက်မဲ့ လျှောက်နှိပ်နေသည့် ကလေးအရေအတွက်နှင့် သင်ယူမှုကဏ္ဍတွင် အထောက်အပံ့မဖြစ်သည့် ဂိမ်းများကို ဆော့ကစားသည့် ကလေးအရေအတွက်က ပိုများကြောင်းလည်း သိရှိရသည်။



# ရှာဖွေရေးလုပ်ငန်းများအတွင်း

## တောင်ကိုရီးယား ရေငုပ်သမားတစ်ဦးသေဆုံး

တောင်ကိုရီးယားတွင် နစ်မြုပ်ခဲ့သည့် ကူးတို့ရေယာဉ်မှ ရုပ်အလောင်းများကို ဆယ်ယူရန် ကြိုးစားရင်း ရေငုပ်သမား တစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

အင်္ဂါနေ့က အသက် ၅၃ နှစ်အရွယ် ရေငုပ်သမားတစ်ဦးသည် အဆိုပါနေရာတွင် ပထမဆုံးအကြိမ် ငုပ်လျှိုးခဲ့ပြီးနောက် အသက်ရှူပြဿနာများ ခံစားရကာ သေဆုံးခဲ့ခြင်းဖြစ်သည်။ ရေအနက် ၂၅ မီတာတွင် အဆိုပါ ပြဿနာ ပေါ်ပေါက်ခဲ့သည့်နောက် ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများ၌ လုံခြုံရေး စံနှုန်းများနှင့် ပတ်သက်၍ မေးခွန်းထုတ်စရာများ ဖြစ်လာခဲ့သည်။ ကမ်းခြေစောင့်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရအရာရှိ နိုမြောင်ဆွတ်ခ် ရေငုပ်သမားတစ်ဦး သေဆုံးကြောင်း သတင်းကို အတည်ပြုချက်ပေးခဲ့သည်။

သတင်းများက လီဟုသာ အမည်ဖော်ပြသည့် ရေငုပ်သမားကို ပင်လယ်ထဲမှ ဆယ်တင်လာချိန်၌ အသိမဲ့ မေ့မျောနေခဲ့ပြီး ဆေးရုံအရောက်တွင် ကွယ်လွန်သွားခဲ့သည်။ ကမ်းခြေစောင့်တပ်ဖွဲ့က ဖြစ်ရပ်နှင့် ပတ်သက်ပြီး အသေးစိတ် အချက်အလက်များကို မကြေညာသေးချေ။ လီသည် စွန့်စားရလွန်းသည့် အဆိုပါလုပ်ငန်းတွင် ပထမဆုံး အသက်ပေးလိုက်ရသည့် ရေငုပ်သမားလည်း ဖြစ်လာသည်။ ပင်လယ်ရေအောက်တွင် နစ်မြုပ်နေသော သင်္ဘောကိုယ်ထည်ထဲမှ ရုပ်အလောင်းများကို ဆွဲထုတ်ရသည့် လုပ်ငန်းသည် ခြောက်ခြားစရာ အတိဖြစ်နေပြီး အခက်အခဲ အများအပြားလည်း ရှိနေခဲ့သည်။

Sewol သင်္ဘော နစ်မြုပ်ခဲ့ပြီးသည်မှာ ရက်ပေါင်း ၂၀ မျှ ကြာမြင့်ခဲ့ပြီဖြစ်ပြီး ထိုအတောအတွင်းကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ခဲ့သည့် ရေငုပ်သမား ၁၀ ဦးမျှသည် ခြေကုန်လက်ပန်းကျခြင်း၊ ဖိအားဒဏ်ကြောင့် နေထိုင်မကောင်းဖြစ်ခြင်း အစရှိသည့် အခြေအနေများအတွက် ကုသမှုများ ခံယူခဲ့ရသည်။ လက်ရှိအချိန်ထိ သင်္ဘောနစ်မြုပ်မှုအတွင်းမှ အလောင်း ၂၆၃ လောင်းကို ပြန်လည်ဆယ်ယူထားပြီး ၃၉ ဦးပျောက်ဆုံးနေဆဲဟုလည်း သိရှိရသည်။



# ကင်မ်ဂျုံအန်း၏ဦးလေး

## သေဒဏ်ပေးခံရသည် ဆိုခြင်းကို

# ရော့ဒ်မန်းငြင်းဆို



မြောက်ကိုရီးယား အဓိပတိ ကင်မ်ဂျုံအန်းအနေဖြင့် ၎င်း၏ဦးလေးကို သေဒဏ်ပေးခဲ့သည်ဆိုခြင်းမှာ သတင်းမှားသာဖြစ်ကြောင်း အမေရိကန် ဘတ်စကက်ဘော ကစားသမားဟောင်း ဒင်းနစ်ရော့ဒ်မန်းက ပြောကြားလိုက်သည်။

ရော့ဒ်မန်းသည် အမေရိကန် နိုင်ငံသားများအနက် ကွန်မြူနစ်နိုင်ငံအတွင်း တရားဝင် သွားရောက်လည်ပတ်ခွင့်ရသည့် ရှားရှားပါးပါး ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ ၎င်းသည် ကင်မ်နှင့် ရင်းနှီးသော ဆက်ဆံရေးရှိနေပြီး မကြာသေးမီက မြောက်ကိုရီးယားသို့ ရောက်ရှိခဲ့သည်။ ကင်မ်သည် ဦးလေးဖြစ်သူ စစ်ဘက်ထိပ်တန်း အရာရှိ ဂျန်ဆွန်သိုက်ခ်အား သေဒဏ်ပေးကာ ခွေးစာကျွေး သတ်ဖြတ်ပစ်ခဲ့ကြောင်း တောင်ကိုရီးယားနှင့် အနောက်နိုင်ငံ မီဒီယာများက ဖော်ပြခဲ့သော်လည်း ရော့ဒ်မန်းကမူ ယင်းကို ငြင်းဆန်ခဲ့သည်။

၎င်းက မိမိသည် ဂျန်ကို မျက်မြင်တွေ့ရှိခဲ့ကြောင်း DuJour မဂ္ဂဇင်းသို့ ပြောကြားခဲ့သည်။ "ဒီနိုင်ငံကနေ မြောက်ကိုရီးယားအကြောင်း ဘာမဆို လျှောက်ပြောနေလို့ရတယ်။ လူတွေက ယုံကြမှာပဲလေ" ဟု ရော့ဒ်မန်းက ဆိုသည်။ ၎င်းက "ကျွန်တော် အဲဒီကို နောက်ဆုံးရောက်ခဲ့တဲ့ အချိန်တုန်းက ကင်မ်ဟာ သူ့ရည်းစားဟောင်းကို သေဒဏ်ပေးထားတယ်လို့ လူတွေပြောနေကြတယ်။ ပြီးတော့ သူ့ဦးလေးကိုလည်း သတ်ပစ်ခဲ့တယ်တဲ့။ ခွေးစာကျွေးခံရတယ် ဆိုတာလည်း ပါသေးတယ်။ ဒါပေမဲ့ သူတို့နှစ်ယောက်လုံး ကျွန်တော့်နောက်နားမှာ ရပ်နေတာ တွေ့ခဲ့တယ်" ဟုလည်း ရော့ဒ်မန်းက ပြောဆိုသွားသည်။

ဂျန်ကို သေဒဏ်ပေးသည့် သတင်းနှင့်ပတ်သက်ပြီး မဂ္ဂဇင်း အယ်ဒီတာက ထပ်မံအတည်ပြု မေးမြန်းသည့်အခါ ရော့ဒ်မန်းက "အဲဒီတုန်းက သူဟာ ကျွန်တော့်နောက်မှာ တကယ်ပဲရှိနေပါတယ်" ဟု အခိုင်အမာ ဖြေကြားသွားသည်။

# တရုတ်ဘူတာရုံတစ်ခုတွင်

## ဓားဖြင့်ရမ်းကားတိုက်ခိုက်မှုဖြစ်ပွား

တရုတ်နိုင်ငံမှ မီးရထားဘူတာ တစ်ခုတွင် ဓားဖြင့် ရမ်းကားတိုက်ခိုက်မှုများ ဖြစ်ပွားပြီး အနည်းဆုံး လူ ၆ ဦး ဒဏ်ရာရသွားခဲ့ကြောင်း သိရှိရသည်။

အုပ်စုဖွဲ့ တိုက်ခိုက်မှု ပြုလုပ်သူများ အနက် တစ်ဦးကို ရဲတပ်ဖွဲ့က ပစ်ခတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း ဂွမ်ဇူးမြို့တော် လုံခြုံရေးပြူရိုက ပြောကြားခဲ့သည်။ တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး မည်သည့် လှုံ့ဆော်မှုကြောင့် ဆိုသည်ကို တိတိကျကျ မသိရသေးချေ။ သို့သော်လည်း တရုတ်နိုင်ငံ အနောက်ပိုင်းရှိ ရှီဂျီအန်းဒေသတွင် ခွဲထွက်ရေးအတွက် လှုပ်ရှားနေသည့် မွတ်ဆလင် အွိုင်ဂါလူမျိုးစုများနှင့် ဆက်နွယ်နေဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ မတ်လအတွင်းက ကူမင်းတွင် အလားတူ တိုက်ခိုက်မှုမျိုး ဖြစ်ပေါ်ခဲ့ရာ လူ ၂၉ ဦး သေဆုံးခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်ကလည်း တရုတ်နိုင်ငံ အနောက်ပိုင်းဒေသရှိ အူရမ်ကီမှ ဘူတာတစ်ခုတွင် ဓားဖြင့်ရမ်းကားတိုက်ခိုက်မှု ဖြစ်ပေါ်ခဲ့သေးသည်။ တရုတ်အစိုးရ အာဏာပိုင်များက ယင်းကဲ့သို့သော အကြမ်းဖက်မှုများတွင် အဓိက တာဝန်ရှိသူများမှာ ရှီဂျီအန်းမှ အွိုင်ဂါများဟု စွပ်စွဲထားသည်။ ယခုတိုက်ခိုက်မှုတွင် ပါဝင်သူ အရေအတွက်မှာ ၄ ဦးဖြစ်ကြောင်း မီဒီယာများက မျက်မြင်အချို့၏ အဆိုကို ကိုးကားရေးသားခဲ့ကြသည်။ ကူမင်းမှ ဆိုက်ရောက်လာသည့် ရထားတစ်စင်း ဘူတာတွင် ရပ်နားပြီး မကြာမီမှာပင် ဓားသမားများက တိုက်ခိုက်ကြခြင်းဟုဆိုသည်။

ဒဏ်ရာရရှိသူ ၆ ဦးကို ရဲများက ဆေးရုံသို့ ပို့ဆောင်ပြီး နောက်ထပ်စုံစမ်းမှုများ ပြုလုပ်နေဆဲဖြစ်သည်။ ဓားကိုင်ဆောင်ထားသည့် အမျိုးသား တစ်ဦးမှာ သတိပေးမှုကို မလိုက်နာဘဲ ထွက်ပြေးသည့်နောက် ရဲတပ်ဖွဲ့က ၎င်းကို ပစ်ခတ်ခဲ့ခြင်းဟုလည်း သိရှိရသည်။



# မွတ်ဆလင် ညီအစ်ကိုတော်များအဖွဲ့ကို

## အပြီးသတ် ရှင်းလင်းလိုကြောင်း

### အီဂျစ်စစ်တပ်အကြီးအကဲဟောင်းပြောကြား



မိမိသာ အီဂျစ်သမ္မတ ဖြစ်လာပါက မွတ်ဆလင် ညီအစ်ကိုတော်များ အဖွဲ့သည် နိုင်ငံအတွင်းမှ လုံးဝ ပပျောက်သွားစေရမည်ဟု စစ်ဘက်အကြီးအကဲဟောင်း အက်ဘ်ဒယ်လ်ဖာတား အယ်လ်ဆီဆီက ပြောကြားခဲ့သည်။

၎င်းသည် အီဂျစ်နိုင်ငံရေးတွင် ဘာသာရေးနှင့် ရောယှက်ပြီး ဩဇာကြီးမားသည့် ညီအစ်ကိုတော်များ အဖွဲ့အား အင်အားသုံးဖြိုခွဲပြီး စစ်တပ်ကကြားဖြတ်အာဏာသိမ်းခဲ့သည့် လှုပ်ရှားမှုတွင် အဓိက ဦးဆောင်ခဲ့သူဖြစ်သည်။ ပြည်သူလူထုထောက်ခံမှု ကျဆင်းလာသည့် ညီအစ်ကိုတော်များအဖွဲ့အား ဖယ်ရှားပြီးနောက် အယ်လ်ဆီဆီသည် ရာထူးမှ နုတ်ထွက်ခဲ့ပြီး သမ္မတအဖြစ် တာဝန်ယူခွင့်ရရန် အလားအလာ အကောင်းဆုံး ဖြစ်နေသည်။ အယ်လ်ဆီဆီက ညီအစ်ကိုတော်များအဖွဲ့၏ ထောက်ခံမှုကို ရရှိထားသည့် သမ္မတဟောင်း မိုဟာမက်မော်စီသည် အီဂျစ်မှ နှင်ထုတ်ခံရပြီး နိုင်ငံအတွင်းသို့ လုံးဝပြန်လာခွင့် မရတော့သည့် အခြေအနေမျိုး ကြုံနိုင်ကြောင်း မှတ်ချက်ပြုခဲ့သည်။

ပြီးခဲ့သည့်နှစ်၊ ဇူလိုင်လက ဖြစ်ပွားခဲ့သည့် အာဏာသိမ်းယူမှုတွင် ညီအစ်ကိုတော်များ အဖွဲ့ကို ထောက်ခံသူအများစု ပါဝင်သည့် လူပေါင်း ၁၄၀၀ ကျော် သေဆုံးခဲ့သည်။ "ဒီကိစ္စကို ကျွန်တော် အဆုံးသတ်လို့မရဘူး။ ခင်ဗျားတို့ အီဂျစ်ပြည်သူအားလုံးက အဆုံးသတ်ပေးရလိမ့်မယ်" ဟု အယ်လ်ဆီဆီက ရုပ်မြင်သံကြား အင်တာဗျူး တစ်ခုတွင် ပြောကြားခဲ့သည်။ ၎င်းကို မေးမြန်းသူက အဆုံးသတ်သည်ဆိုသော စကားသည် မွတ်ဆလင် ညီအစ်ကိုတော်များ အဖွဲ့ကို ရည်ညွှန်းခြင်း ဟုတ်မဟုတ် မေးမြန်းရာ အယ်လ်ဆီဆီက "ဟုတ်ပါတယ်" ဟုဖြေကြားခဲ့သည်။ ယင်းစကားအရ အယ်လ်ဆီဆီသည် အစိုးရဖွဲ့ခွင့်ရပါက မည်သည့်နည်းနှင့်မျှ ညီအစ်ကိုတော်များ အဖွဲ့ကို အပူးပေါင်းခံမည် မဟုတ်ကြောင်း ပေါ်လွင်စေခဲ့သည်။

သမ္မတဟောင်း မော်စီ၏ အစိုးရကို အီဂျစ်ပြည်သူ သန်းပေါင်းများစွာက ဆန့်ကျင်ခဲ့ပြီးနောက် အယ်လ်ဆီဆီက အာဏာသိမ်းယူခဲ့ရာ ၎င်းသည် ညီအစ်ကိုတော်များအဖွဲ့ကို ထောက်ခံသူများမှအပ တစ်နိုင်ငံလုံး၏ သူရဲကောင်း ဖြစ်လာခဲ့သည်။ အင်တာဗျူးအစီအစဉ်တွင် အယ်လ်ဆီဆီက မိမိသည် လုပ်ကြံရန် အားထုတ်မှုနှစ်ကြိမ်နှင့် ကြုံခဲ့ပြီး ဖြစ်ကြောင်းလည်း ပြောကြားသွားခဲ့သည်။

# အငြင်းပွားဖွယ် ပါဝင်ပစ္စည်းတစ်မျိုးကို ဖယ်ရှားရန် ဆုံးဖြတ်လိုက်သည့် Coca Cola




> BVO သည် အန္တရာယ်ကြီးမားခြင်း မရှိသော်လည်း စားသောက်ကုန်များတွင် ထည့်သွင်းရန်မသင့်တော်ဟု ယူဆခြင်းခံရသည့် ဓာတ်ပစ္စည်းတစ်ခု ဖြစ်သည်။

ကမ္ဘာကျော်အဖျော်ယမကာလုပ်ငန်းစုကြီး Coca Cola အနေဖြင့် ၎င်းတို့၏ ထုတ်ကုန်များတွင် အသုံးပြုနေသည့် အငြင်းပွားဖွယ် ပါဝင်ပစ္စည်းတစ်မျိုးကို အပြီးသတ် ဖယ်ရှားသွားတော့မည်ဟု အတည်ပြုခဲ့သည်။

ဘာရိုမင်းဓာတ် ဖြည့်စွက်ထားသည့် ဟင်းသီးဟင်းရွက်ဆီ၊ တစ်နည်းအားဖြင့် BVO ကို Coca Cola ၏ ထုတ်ကုန်အချို့တွင် ထည့်သွင်းထားကြောင်းတွေ့ရှိသည့်နောက် ယင်းအခြေအနေအပေါ် ဝေဖန်မှုအမျိုးမျိုး ရှိလာသည်။ BVO ကို မီးလောင်မှုကို တားဆီးသည့် ဓာတ်ပစ္စည်းများ၊ ပလပ်စတစ် ထုတ်လုပ်သည့် လုပ်ငန်းကဲ့သို့ အခြေအနေများတွင် ထည့်သွင်းအသုံးပြုလေ့ ရှိသည်။ Coca Cola Fruit၊ Fanta နှင့် Powerade တို့ကဲ့သို့ ထုတ်ကုန်များတွင် BVO ပါဝင်နေကြောင်း သတင်းများက ဆိုသည်။

BVO သည် အန္တရာယ် ကြီးမားခြင်း မရှိသော်လည်း စားသောက်ကုန်များတွင် ထည့်သွင်းရန်မသင့်တော်ဟု ယူဆခြင်းခံရသည့် ဓာတ်ပစ္စည်းတစ်ခု ဖြစ်သည်။ မစ္စစ္စပီမှ ဆာရာ ကာဗာနာဆိုသော ဆယ်ကျော်သက် မိန်းကလေးတစ်ဦးက အားကစားသမားများသောက်သုံးသည့် ဖျော်ရည်အချို့တွင် BVO ပါဝင်နေခြင်းမှာ မသင့်တော်ကြောင်းစတင်၍ စည်းရုံးလှုံ့ဆော်ခဲ့ပြီး သူမကိုထောက်ခံသူ အမြောက်အမြား ရှိလာသည်။ Coca Cola ၏ခြေလှမ်းသည် အဖျော်ယမကာ လုပ်ငန်းစုကြီး အများအပြားက BVO အပေါ် ဆန့်ကျင်မှုအား အလေးထား အာရုံစိုက်လာသည့် အထောက်အထားသစ်လည်း ဖြစ်လာခဲ့သည်။

Coca Cola သည် ရနံ့စွဲဆီသဖွယ် အသုံးပြုသည့် BVO နေရာတွင် ထင်းရှူးဆီမှထုတ်လုပ်သည့် ဂလိုင်စီရောအက်စ်တာဖြင့် အစားထိုးရန် စတင်လုပ်ဆောင်နေပြီဟု ဆိုသည်။ ၁၉၇၀ ပြည့်နှစ်က အမေရိကန် အစားအသောက်နှင့် ဆေးဝါးစီမံကွပ်ကဲရေးဌာနသည် BVO အား အစားအသောက်များတွင် ဖြည့်သွင်းသည့် ပစ္စည်းစာရင်းမှ ကန့်သတ်ခဲ့သော်လည်း အဖျော်ယမကာ ထုတ်လုပ်မှုများတွင် အရည်၏ အပုံ ၁ သန်း၌ BVO ၁၅ ပုံထည့်သွင်းရန် ခွင့်ပြုပေးခဲ့သည်။ Coca Cola ၏ ပြိုင်ဘက် Pepsi သည်လည်း ၎င်းတို့၏ ထုတ်ကုန်ဖြစ်သော Gatorade မှ BVO ထည့်သွင်းမှုကို ယမန်နှစ်အတွင်း စတင်ရပ်ဆိုင်းခဲ့ပြီး အခြားထုတ်ကုန်များတွင်ပါ အသုံးမပြုတော့ရန် အစီအစဉ် ရေးဆွဲနေကြောင်း သိရှိရသည်။





# လုံခြုံရေးစံနှုန်းများ ပိုမိုကောင်းမွန်မည့်
# လေရဟတ်ယာဉ်ပျံငယ်ကို
# အမေရိကန်ကုမ္ပဏီတစ်ခု စမ်းသပ်နေ



လေကြောင်းပျံသန်းမှုကဏ္ဍတွင် လုံခြုံရေးပိုင်းအရ ပိုမိုစိတ်ချရမည့် အနာဂတ် လေရဟတ်ယာဉ်ပျံ ဒီဇိုင်းသစ်ကို အမေရိကန်ကုမ္ပဏီတစ်ခုက မိတ်ဆက်ပြသခဲ့သည်။

S2 ဟု ယာယီအမည်ပေးထားသည့် အဆိုပါယာဉ်၏ ဒီဇိုင်းပိုင်းကို ကယ်လီဖိုးနီးယားပြည်နယ်၊ ဆန်တာခရုဇ်တွင်အခြေစိုက်သည့် Joby Aviation ကုမ္ပဏီက ရေးဆွဲခဲ့ခြင်းဖြစ်သည်။ လတ်တလောတွင် ကုမ္ပဏီအနေဖြင့် ပေါင်ချိန် ၁၇၀၀ လေးလံသည့်ယာဉ်ကို ပုံစံအသေးထုတ်၍ စမ်းသပ်နေပြီဖြစ်သည်။ S2 သည် ရဟတ်ယာဉ်နှင့် လေယာဉ်ပျံ ပေါင်းစပ်ထားသည့် နည်းပညာတစ်မျိုးဖြစ်သည်။ S2 သည် ရဟတ်ယာဉ်ကဲ့သို့ ပြေးလမ်းမလိုဘဲ ဒေါင်လိုက် အတက်အဆင်း ပြုလုပ်နိုင်စွမ်း ရှိသည်။ ထို့အပြင် ကိုယ်ထည်တွင် တပ်ဆင်ထားသည့် ပန်ကာ ၁၂ ခုကို နေရာရွှေ့ပြောင်းပြီး လေယာဉ်တစ်စင်းနယ် ပျံသန်းနိုင်မည်ဟုသိရသည်။

အဆိုပါ လေယာဉ်သည် လူအနည်းငယ်မျှ လိုက်ပါစီးနင်းနိုင်သည့် လေယာဉ်ငယ်လေးများနေရာတွင် အစားထိုးနိုင်မည့် နည်းပညာသစ်အဖြစ် ယူဆထားသည်။ ကုမ္ပဏီက လက်ရှိအသုံးပြုနေသည့် တစ်ကိုယ်ရေသုံး လေယာဉ်ငယ်လေးများထက် S2 က အကျိုးသက်ရောက်မှုရော၊ လုံခြုံမှုပါ ၅ ဆမျှပိုသာကြောင်း ပြောကြားထားသည်။ လေယာဉ်၏စွမ်းအင်ကို မျိုးစပ်နည်းပညာသုံး ဘက်ထရီဖြင့် ထောက်ပံ့ပေးပြီး Joby Aviation က ဒီဇိုင်းပိုင်းတွင် အားနည်းချက်ရှိမရှိ စိစစ်စမ်းသပ်လျှက် ရှိသည်။ အသေးစားပုံစံငယ် စမ်းသပ်ချက် အောင်မြင်ခဲ့ပြီးနောက် ၅၅ ပေါင် အလေးချိန်ရှိသည့် ပုံစံငယ်ဖြင့် ဒုတိယအဆင့် စမ်းသပ်နေသည်။

အဆိုပါ လေယာဉ်ငယ်များသည် လူ ၂ ဦးထိတင်ဆောင်ကာ မိုင် ၂၀၀ မျှ အကွာအဝေးကို ပျံသန်းနိုင်မည်ဟု သိရသည်။ လေယာဉ်တွင် တပ်ဆင်ထားသည့် ကွန်ပျူတာစနစ်က မော်တာ၏လည်ပတ်နှုန်းကို ထိန်းညှိပေးပြီး ဆူညံသံကို လျှော့ချပေးကာ ပျံသန်းချိန်အတွင်း ထိန်းချုပ်နိုင်မှု အရည်အသွေးကိုပါ မြှင့်တင်ပေးနိုင်ကြောင်းလည်း သိရှိရသည်။



